# မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေကြမ်း

## (၂၀၁၅ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၇ ။)

# မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း (၁)<br>အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ - ၂ |
| ၂။ | အခန်း (၂)<br>ရည်ရွယ်ချက်များ | ၃ - ၃ |
| ၃။ | အခန်း (၃)<br>စည်ပင်သာယာရေးနယ်နိမိတ်သတ်မှတ်ခြင်း | ၃ - ၃ |
| ၄။ | အခန်း (၄)<br>ကော်မတီများဖွဲ့စည်းခြင်း | ၃ - ၄ |
| ၅။ | အခန်း (၅)<br>ဝန်ထမ်းဖွဲ့စည်းပုံ | ၄ - ၄ |
| ၆။ | အခန်း (၆)<br>ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၄ - ၅ |
| ၇။ | အခန်း (၇)<br>ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၅ - ၆ |
| ၈။ | အခန်း (၈)<br>မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၆ - ၇ |
| ၉။ | အခန်း (၉)<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၇ - ၉ |
| ၁၀။ | အခန်း (၁၀)<br>အခွန်စည်းကြပ်ကောက်ခံခြင်း | ၁၀ - ၁၁ |
| ၁၁။ | အခန်း (၁၁)<br>ကြီးကြပ်ခြင်း | ၁၁ - ၁၂ |
| ၁၂။ | အခန်း(၁၂)<br>ဘဏ္ဍာရေး | ၁၂ - ၁၃ |
| ၁၃။ | အခန်း(၁၃)<br>စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း | ၁၃ - ၁၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | အခန်း(၁၄) | |
| | အနေးယာဉ်များနှင့်အခြားယာဉ်များ စီမံခန့်ခွဲခြင်း | ၁၇ - ၁၇ |
| ၁၅။ | အခန်း (၁၅) | |
| | ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း | ၁၇ - ၁၉ |
| ၁၆။ | အခန်း (၁၆) | |
| | တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း | ၁၉ - ၁၉ |
| ၁၇။ | အခန်း (၁၇) | |
| | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၁၉ - ၂၃ |
| ၁၈။ | အခန်း (၁၈) | |
| | အယူခံဝင်ခြင်း | ၂၃ - ၂၃ |
| ၁၉။ | အခန်း (၁၉) | |
| | တားမြစ်ချက်များ | ၂၄- ၂၅ |
| ၂၀။ | အခန်း (၂၀) | |
| | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၂၅ - ၂၅ |
| ၂၁။ | အခန်း (၂၁) | |
| | အထွေထွေ | ၂၅ - ၂၇ |

# မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ

## (၂၀၁၅ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၇ ။)

## ၁၃၇၇ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

## ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်

### နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှစတင်၍ ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာ တည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေ ရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးချုပ်** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ကို ဆိုသည်၊

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုသည်၊

(င) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်၊

(စ) **ပြည်နယ်စည်ပင်သာယာရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၅ အရ ဖွဲ့စည်းသော ပြည်နယ်စည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

(ဆ) **မြို့နယ်စည်ပင်သာယာရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၈ အရ ဖွဲ့စည်းသော မြို့နယ်စည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

(ဇ) **ညွှန်ကြားရေးမှူး** ဆိုသည်မှာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ဝန်ထမ်းအကြီးအမှူးကို ဆိုသည်၊

(ဈ) **အမှုဆောင်အရာရှိ** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဝန်ထမ်းအကြီးအမှူးကို ဆိုသည်၊

(ည) **စည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်းထားသော ပြည်နယ်ဝန်ထမ်းအဖွဲ့၊ မြို့နယ်ဝန်ထမ်းအဖွဲ့ကို ဆိုသည်၊

(ဋ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း** ဆိုသည်မှာ လုပ်ငန်းသဘာဝအရလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရလည်းကောင်း၊ လူ၏ အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော၊ ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သော လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သော လုပ်ငန်းများလည်း ပါဝင်သည်၊

(ဌ) **အခွန်** ဆိုသည်မှာ စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများအပေါ် စည်းကြပ်ကောက်ခံသည့် အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့်ဒဏ်ကြေးများလည်း ပါဝင်သည်၊

(ဍ) **ဝန်ဆောင်ခွန်** ဆိုသည်မှာ ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန် စသည့်ဝန်ဆောင်မှုအတွက် ကောက်ခံသည့်အခွန်ကို ဆိုသည်၊

(ဎ) **အနေးယာဉ်** ဆိုသည်မှာ ခရီးသည်၊ ကုန်ပစ္စည်း သယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်၊

(ဏ) **အနေးယာဉ်မောင်း** ဆိုသည်မှာ အနေးယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုသည်၊

(တ) **အခြားယာဉ်** ဆိုသည်မှာ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေအရလုပ်ငန်းလိုင်စင်ရယူထားသည့် ယာဉ်များမှအပ ခရီးသည်၊ ကုန်စည်များကိုအခကြေးငွေရယူ၍ သယ်ယူပို့ဆောင်ခြင်း၊ အငှားလိုက်ခြင်း ဆောင်ရွက်သည့် အင်ဂျင်ပါဝါ ၁၀၀ စီစီမှ ၁၂၅ စီစီထိ အငယ်စားစက်အင်အားသုံး ဘီးတပ်ယာဉ်ကို ဆိုသည်၊

(ထ) **အခြားယာဉ်မောင်း** ဆိုသည်မှာ ပုဒ်မခွဲ (တ) ပါယာဉ်အား မောင်းနှင်သူကို ဆိုသည်၊

(ဒ) **ကူးတို့လုပ်ငန်း** ဆိုသည်မှာ မြစ်၊ ချောင်း သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗာန်၊ စက်တပ်ရေယာဉ်၊ သင်္ဘော စသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့၊ တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ် တို့လည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ရွာများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်မြင့်မားလာစေရန်၊

(ခ) စည်ပင်သာယာရေးဆိုင်ရာ အခွန်အခ အပြည့်အဝရရှိရန်နှင့်စီမံခန့်ခွဲနိုင်ရန်၊

(ဂ) စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများကို သက်ဆိုင်ရာ မြို့၊ ရွာ စည်ပင်သာယာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စနစ်တကျသုံးစွဲရန်။

## အခန်း (၃)
## စည်ပင်သာယာရေးနယ်နိမိတ်သတ်မှတ်ခြင်း

၄။ အစိုးရအဖွဲ့နှင့်ပြည်နယ်စည်ပင်သာယာရေးကော်မတီတို့၏ အတည်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မြို့များကိုဖြစ်စေ၊ ကျေးရွာများကိုဖြစ်စေ၊ မြို့နှင့်ကျေးရွာများကို ပူးပေါင်း၍ဖြစ်စေ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ရမည်။

## အခန်း (၄)
## ကော်မတီများဖွဲ့စည်းခြင်း

၅။ အစိုးရအဖွဲ့သည် ပြည်နယ်စည်ပင်သာယာရေးကော်မတီကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အုပ်ချုပ်ရေး အတွေ့အကြုံရှိသူတစ်ဦး၊ ဥပဒေရေးရာ အတွေ့အကြုံရှိသူတစ်ဦး၊ အင်ဂျင်နီယာလုပ်ငန်း အတွေ့အကြုံရှိသူတစ်ဦး၊ စီးပွားရေးလုပ်ငန်း အတွေ့အကြုံရှိသူတစ်ဦး၊ လူမှုရေးလုပ်ငန်း အတွေ့အကြုံရှိသူတစ်ဦး၊ စာရင်းအင်းလုပ်ငန်း အတွေ့အကြုံရှိသူတစ်ဦးတို့အား ကော်မတီဝင်များအဖြစ် လည်းကောင်း ဖွဲ့စည်းရမည်။

၆။ ညွှန်ကြားရေးမှူးသည် ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ အတွင်းရေးမှူးဖြစ်သည်။

၇။ အစိုးရအဖွဲ့သည် ပုဒ်မ ၅ အရ ဖွဲ့စည်းသည့် ပြည်နယ်စည်ပင်သာယာရေးကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကော်မတီဝင်ဦးရေတိုးချဲ့ခြင်း၊ ကော်မတီဝင်အစားထိုးခြင်း ပြုနိုင်သည်။

၈။ မြို့နယ်စည်ပင်သာယာရေးကော်မတီကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အိမ်ထောင်စုများ၏ဆန္ဒဖြင့် ရွေးချယ်သော ပုဂ္ဂိုလ် (၅) ဦးနှင့် အစိုးရအဖွဲ့မှ တာဝန်ပေးသည့်ပုဂ္ဂိုလ် (၂) ဦး ဖြင့် ဖွဲ့စည်းရမည်။

၉။ ပုဒ်မ ၈ အရ ရွေးချယ်တာဝန်ပေးအပ်ခံရသည့် ကော်မတီဝင်(၇)ဦးသည် မိမိတို့ထဲမှ ဥက္ကဋ္ဌတစ်ဦးကို အများဆန္ဒဖြင့် ရွေးချယ်ရမည်။

၁၀။ အမှုဆောင်အရာရှိသည် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အတွင်းရေးမှူးဖြစ်သည်။

၁၁။ အစိုးရအဖွဲ့သည် ပုဒ်မ ၈ အရ ဖွဲ့စည်းနိုင်ရန် မြို့နယ်စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရမည်။

၁၂။ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် လစ်လပ်ပါက ပုဒ်မ ၁၁ အရ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အစားထိုးရမည်။

၁၃။ ပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့်မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ (၅)နှစ် ဖြစ်သည်။

## အခန်း (၅)

## ဝန်ထမ်းဖွဲ့စည်းပုံ

၁၄။ ညွှန်ကြားရေးမှူးသည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့၏ ဝင်ငွေကို အခြေခံ၍ ရေးဆွဲထားသော ဝန်ထမ်းဖွဲ့စည်းပုံကို ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၅။ ညွှန်ကြားရေးမှူးသည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့၏ ဝန်ထမ်းဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ ပြင်ဆင်ပြောင်းလဲခြင်းများကို သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူရမည်။

၁၆။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့များ၏ ဝန်ထမ်းရေးရာကိစ္စရပ်များကို တည်ဆဲနိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

၁၇။ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဝန်ကြီးသည် ညွှန်ကြားရေးမှူးနှင့်အမှုဆောင်အရာရှိများအား ဝန်ထမ်းဆိုင်ရာလုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

၁၈။ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် နှစ်စဉ်ရရှိသော ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း မရှိစေရ။

၁၉။ အစိုးရအဖွဲ့သည် ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဖြစ်စေ၊ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့်ဖြစ်စေ ညှိနှိုင်း၍ ဝန်ထမ်းများကို လွှဲပြောင်းရယူခြင်း၊ လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်နိုင်သည်။

၂၀။ အစိုးရအဖွဲ့သည် ဝန်ကြီး၏ တင်ပြချက်ဖြင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပြည်တွင်းပြည်ပ သင်တန်းတက်ရောက်ခြင်း၊ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် လေ့လာခြင်း၊ ဆွေးနွေးပွဲတက်ရောက်ခြင်းများကို ခွင့်ပြုနိုင်သည်။

## အခန်း(၆)

## ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၁။ ပြည်နယ်စည်ပင်သာယာရေးကော်မတီသည် မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ တင်ပြချက်ကို အဆုံးအဖြတ်ပေးခြင်းများ ဆောင်ရွက်ရမည်။

၂၂။ ပြည်နယ်စည်ပင်သာယာရေးကော်မတီသည် ပြည်နယ်၊ မြို့နယ်စည်ပင်သာယာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ စီမံချက်လုပ်ငန်းများကို အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၂၃။ ပြည်နယ်စည်ပင်သာယာရေးကော်မတီသည်-

(က) အစိုးရအဖွဲ့မှ သတ်မှတ်သည့် သီးခြားရန်ပုံငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ -

(၁) သီးခြားရန်ပုံငွေတည်ထောင် သုံးစွဲနိုင်သည်၊

(၂) သီးခြားရန်ပုံငွေ တိုးပွားအောင် ဆောင်ရွက်နိုင်သည်။

(ခ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တည်ဆဲဥပဒေနှင့်အညီ ဘဏ်တည်ထောင်နိုင်သည်၊

(ဂ) မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ ထည့်ဝင်ငွေများကို လက်ခံသုံးစွဲနိုင်သည်။

၂၄။ ပြည်နယ်စည်ပင်သာယာရေးကော်မတီသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ဖြစ်စေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများထံမှဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မိမိတာဝန်ဖြင့် ငွေချေးယူခြင်း၊ အထောက်အပံ့ရယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၂၅။ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြည်နယ်စည်ပင်သာယာရေးကော်မတီသည် ပြည်တွင်းပြည်ပ အဖွဲ့အစည်း သို့မဟုတ် ပြည်တွင်းပြည်ပပုဂ္ဂိုလ်တို့နှင့်ဆက်သွယ်၍ စည်ပင်သာယာရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်သည်။

၂၆။ ပြည်နယ်စည်ပင်သာယာရေးကော်မတီသည် ပုဒ်မ ၃၃၊ ၃၄ အရ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တင်ပြလာသော စည်ပင်သာယာရေးဆိုင်ရာ အခွန်အမျိုးအစားများနှင့်နှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ မိမိသဘောထားမှတ်ချက်ဖြင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၇။ ပြည်နယ်စည်ပင်သာယာရေးကော်မတီသည် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ဓ) အရ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ တင်ပြလာခြင်းကို စိစစ်၍ မိမိ၏ သဘောထားမှတ်ချက်ဖြင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၈။ ပြည်နယ်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၂၉။ ပြည်နယ်စည်ပင်သာယာရေးကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံ ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိရမည်။

## အခန်း (၇)

## ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၀။ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်း၊ နှစ်တိုနှစ်ရှည်စီမံကိန်းရေးဆွဲခြင်းများကို ကြီးကြပ်ခြင်း၊

(ခ) စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်နှစ်တိုနှစ်ရှည် စီမံကိန်းများကို စိစစ်၍ ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် အစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(ဂ) ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်ညီညွတ်စေရေး အတွက် စည်ပင်သာယာရေးလုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဃ) ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ဃ) အရ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တင်ပြလာသော အခွန်ထမ်းတစ်ဦးဦးပေးဆောင်ရန်ရှိသော အခွန်ကို ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် လျှော့ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ပြီး ပြည်နယ်စည်ပင် သာယာရေးကော်မတီထံ တင်ပြခြင်း၊

(င) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့်သက်ဆိုင်သော အဆောက်အအုံများ၊ မြေများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ဝန်ကြီးဌာနနှင့် ပြည်နယ်စည်ပင်သာယာရေးကော်မတီထံ တင်ပြခြင်း၊

(စ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ငွေစာရင်းနှင့်လုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း စာရင်းစစ်ဆေးခြင်းအခြေအနေကို ပြည်နယ်စည်ပင်သာယာရေး ကော်မတီထံ တင်ပြခြင်း၊

(ဇ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဘ) အရ တင်ပြလာခြင်းကို စိစစ်၍ ပြည်နယ်စည်ပင်သာယာရေးကော်မတီထံ တင်ပြခြင်း။

၃၁။ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သည် အဆောက်အအုံနှင့်မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန် စသည့်စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ ဥပဒေမူကြမ်းရေးဆွဲပြီး ပြည်နယ်စည်ပင်သာယာရေး ကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြရမည်။

## အခန်း(၈)

## မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၂။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ခြင်း၊ အခါအားလျော်စွာစစ်ဆေးခြင်း၊

(ခ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဂ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှရေးဆွဲတင်ပြလာသော စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို စိစစ်ပြီး ပြည်နယ်စည်ပင်သာယာရေးကော်မတီထံ တင်ပြခြင်း၊

(ဃ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(င) မြို့နယ်စည်ပင်သာယာရေးလုပ်ငန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် စီမံကိန်း၊ စီမံချက်များရေးဆွဲ၍ ပြည်နယ်စည်ပင်သာယာရေးကော်မတီထံ တင်ပြခြင်း၊

(စ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း၊

(ဆ) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) အစိုးရအဖွဲ့မှ ထုတ်ပြန်သော သီးခြားရန်ပုံငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဈ) ကိုယ်ပိုင်အမည် ၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံ ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိခြင်း။

၃၃။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာ အခွန်အမျိုးအစား၊ နှုန်းထားများ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်စည်ပင်သာယာရေးကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြရမည်။

၃၄။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာ အခွန်အမျိုးအစားနှင့် နှုန်းထားပြင်ဆင်ခြင်းပြုနိုင်ရန် ပြည်နယ်စည်ပင်သာယာရေးကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြရမည်။

## အခန်း(၉)

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၅။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့ပြစီမံကိန်းများရေးဆွဲခြင်း၊

(ခ) ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဃ) ခေတ်မီမိလ္လာကန်၊ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲစေခြင်း၊

(င) အများနှင့်သက်ဆိုင်သောနေရာများတွင် အဆင့်မြင့်သန့်စင်ခန်းများဆောက်လုပ်ခြင်း၊ ဆောက်လုပ်ခွင့်ပြုခြင်း၊

(စ) လမ်းမီးပေးရေးလုပ်ငန်းကို သက်ဆိုင်ရာဌာနများ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဇ) ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဈ) ကျွဲ၊ နွား ပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(ည) လမ်းဘေးဆိုင်များ ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဋ) စားသောက်ဆိုင်များ၊ မုန့်ဖိုများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဌ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဍ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန် ခြေလေးချောင်းတိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(ဏ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(တ) အပေါင်ဆိုင်လုပ်ငန်းများ ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ထ) အနေးယာဉ်များနှင့် အခြားယာဉ်များ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ဒ) လမ်းနှင့်တံတားများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဓ) လမ်းစည်းကမ်းနှင့်လမ်းအသုံးချမှုသတ်မှတ်ခြင်း၊ လမ်းအမည်သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

(န) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ပ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ အသစ်ဆောက်လုပ်ခွင့်ပြုခြင်း၊အဟောင်းကိုဖျက်သိမ်း ခွင့်ပြုခြင်း၊ အဟောင်းကိုဖျက်ပြီး အသစ်ဆောက်လုပ်ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဖ ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားခြင်း၊

(ဗ) ကျူးကျော်အဆောက်အအုံများ ဖျက်သိမ်းခြင်း၊

(ဘ) ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်းနှင့်ပြန်လည်နေရာချထားရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ထံ တင်ပြဆောင်ရွက်ခြင်း၊

(မ ) တည်းခိုခန်းများ၊ မိုတယ်များ၊ အင်းများ၊ ဘော်ဒါဆောင်များ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ယ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်းကို စီမံခန့်ခွဲခြင်း၊ တိရစ္ဆာန်အသေကောင်များကို ရှင်းလင်းခြင်း၊

(ရ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို ဖမ်းဆီးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(လ) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဝ) စည်ပင်သာယာရေးပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(သ) သုသာန်များသတ်မှတ်ခြင်း၊ မီးသင်္ဂြိုလ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဟ) သုသာန်များကို ပိတ်သိမ်းခြင်း၊ နေရာရွှေ့ပြောင်းခြင်း၊ ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့်သုသာန်မြေကို အခြားနည်းအသုံးပြုနိုင်ရန် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဠ) ယာဉ်ရပ်နားစခန်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်း၊

( ဇ ) လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ကက) မြို့သန့်ရှင်းရေး၊ သပ်ရပ်ရေး၊ သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( ခခ ) ကျန်းမာရေး အထောက်အကူပြုလုပ်ငန်းများ၊ လူမှုစီးပွားရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( ဂဂ ) ပွဲရုံလုပ်ငန်းများ၊ ကုန်စည်ဒိုင်နှင့်ကုန်လှောင်ရုံများ လုပ်ကိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဃဃ) ကုန်စည်ပြပွဲများ၊ ဈေးရောင်းပွဲတော်နှင့် အရောင်းပြခန်းများ ကျင်းပခြင်းကို ကြီးကြပ်ခြင်း၊

( ငင ) မြို့ပြသန့်ရှင်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ ထုတ်ပြန်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်း၊

( စစ ) နိုင်ငံတော်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း တို့နှင့်စပ်လျဉ်း၍ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ထံ တင်ပြခြင်း၊

(ဆဆ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်မြေများတွင် ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကျူးကျော်သူကို အရေးယူခြင်း၊ ဖယ်ရှားခြင်း၊

(ဇဇ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သတ်မှတ်ထားသော လမ်းနယ်နိမိတ်များအတွင်း ကျူးကျော်မှု မရှိစေရန် စစ်ဆေးခြင်း၊ တားမြစ်ခြင်းနှင့်တားမြစ်ချက်ကို ဖောက်ဖျက်သူအား အရေးယူခြင်း၊

(ဈဈ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြေလွတ်မြေလပ်များတွင် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသောသစ်ပင်များ၊ နိုင်ငံပိုင်အိမ်ရာဝင်းများတွင်ရှိသော နှစ်ရှည် သီးပင်များ၊ စားပင်များ၊ အရိပ်ရပင်များ၊ လမ်းဘေးဝဲယာ၊ လမ်းလယ်ကျွန်းများနှင့်အဝိုင်း များတွင် စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များ၊ မြေယာရှုခင်းအလှများကို ခွင့်ပြုချက်မရှိဘဲ ချိုးဖဲ့ခြင်း၊ ဖျက်ဆီးခြင်း၊ တူးဆွခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ ခုတ်လှဲခြင်းမပြုရန် တားမြစ်ခြင်း၊ တားမြစ်ချက်ကို ဖောက်ဖျက်သူအား အရေးယူခြင်း၊

(ညည) မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်သက်ဆိုင်သော အဆောက်အအုံများ၊ မြေများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို ထိန်းသိမ်းခြင်း၊

(ဋဋ) စက်ရုံ၊ အလုပ်ရုံ၊ ဆေးရုံ၊ ဆေးခန်းနှင့် ညစ်ညမ်းရေထွက်ရှိသောလုပ်ငန်းတို့မှ ရေဆိုးရေညစ်များ သန့်စင်အောင်ပြုပြင်ပြီးမှ စွန့်ပစ်စေခြင်း၊ ရေစီးရေလာကောင်းမွန်စွာထုတ်ပစ်နိုင်ရေးအတွက် မြေကိုပြုပြင်စေခြင်း၊

(ဌဌ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဍဍ) အစိုးရအဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ အခါအားလျော်စွာ ပေးအပ်သည့်လုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၁၀)
## အခွန်စည်းကြပ်ကောက်ခံခြင်း

၃၆။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါအခွန်များကို စည်ပင်သာယာရေးဆိုင်ရာအခွန်အခများဥပဒေနှင့်အညီ စည်းကြပ်ကောက်ခံရမည်-

(က) အဆောက်အအုံနှင့်မြေခွန်၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်နှင့် အများသုံးအိမ်သာခွန်စသည့် ဝန်ဆောင်ခွန်များ၊

(ဂ) ဘီးခွန်၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးများအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းသို့ပြင်ပမှ ဖြတ်သန်းသွားလာ ဝင်ရောက်ရပ်နားသော ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) စည်ပင်သာယာရေးဆိုင်ရာ အရပ်ရပ်အခွင့်အရေးလိုင်စင်များနှင့် အခြားအခွန်အခများ။

၃၇။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပုဒ်မ ၃၆ အရ စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများဥပဒေနှင့်အညီ စည်းကြပ်ကောက်ခံရာတွင် အောက်ပါတို့ကို အခြေခံရမည် -

(က) အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် တစ်နှစ်စံငှားရမ်းခတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ရန်၊

(ခ) တစ်နှစ်စံငှားရမ်းခတန်ဖိုး ပြင်ဆင်သတ်မှတ်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပြည်နယ်စည်ပင်သာယာရေးကော်မတီတို့၏ သဘောထားမှတ်ချက်၊ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရန်၊

(ဂ) ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ် မျှတစေရန်၊

(ဃ) အဆောက်အအုံနှင့်မြေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကိုလက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

(င) အစိုးရက စီမံခန့်ခွဲသော ပုဂ္ဂလိကပိုင် အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံနှင့် မြေမှဝင်ငွေအားလုံး၏ ၅ ရာခိုင်နှုန်းထက်မပိုစေဘဲစည်းကြပ်ရန်။

၃၈။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) အဆောက်အအုံနှင့်မြေခွန်၊ ဝန်ဆောင်ခွန်များစည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့်မြေ၏ တစ်နှစ်စံငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ပြင်ဆင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်နယ်စည်ပင်သာယာရေးကော်မတီထံ တင်ပြခြင်း၊

(ခ) စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်း လိုင်စင်ခများ၊ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်နှင့်ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ခ၊ စည်ပင်သာယာရေးအဖွဲ့ပိုင်မြေနှင့် အဆောက်အအုံများငှားရမ်းခတို့ကို အခါအားလျော်စွာ သတ်မှတ်ပြင်ဆင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်နယ်စည်ပင်သာယာရေးကော်မတီထံ တင်ပြခြင်း၊

(ဂ) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းရန် သို့မဟုတ် နှုန်းထားပြင်ဆင်ရန် သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားရန်နှင့်စပ်လျဉ်း၍ ပြည်နယ်စည်ပင်သာယာရေးကော်မတီထံ တင်ပြခြင်း၊

(ဃ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦးပေးဆောင်ရန်ရှိသော အခွန်ကို ကင်းလွတ်ခွင့်ပြုရန် သို့မဟုတ် လျှော့ပစ်ရန် သို့မဟုတ် ပယ်ဖျက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်နယ်စည်ပင်သာယာရေး ကော်မတီထံ တင်ပြခြင်း။

၃၉။ ပြည်နယ်စည်ပင်သာယာရေးကော်မတီသည် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ပုဒ်မ ၃၈ အရ တင်ပြလာခြင်းကို အစိုးရအဖွဲ့၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည်။

၄၀။ အမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ကောက်ခံခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စဆောင်ရွက်ရန် အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၁၁)
## ကြီးကြပ်ခြင်း

၄၁။ အစိုးရအဖွဲ့သည် ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ တင်ပြချက် သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၂။ ဝန်ကြီးသည် ပြည်နယ်စည်ပင်သာယာရေးလုပ်ငန်းများနှင့် မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၄၃။ ပြည်နယ်စည်ပင်သာယာရေးကော်မတီသည် မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

၄၄။ ညွှန်ကြားရေးမှူးသည် ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် နှစ်တို၊ နှစ်ရှည် စီမံကိန်းများကို ရေးဆွဲ၍ ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(ခ) မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ သဘောထားမှတ်ချက်ဖြင့် ရေးဆွဲတင်ပြလာသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည် စီမံကိန်းများကို စိစစ်၍ ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(ဂ) နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်းကို ကြီးကြပ်ခြင်း၊

(ဃ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(င) ဥပဒေနှင့်မညီညွတ်သော စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဆုံးဖြတ်ချက်၊ အမိန့် ဆောင်ရွက်ချက် သို့မဟုတ် ညွှန်ကြားချက်ကို စစ်ဆေးတွေ့ရှိလျှင် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြခြင်း။

၄၅။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်။

## အခန်း (၁၂)

## ဘဏ္ဍာရေး

၄၆။ စည်ပင်သာယာရေးအဖွဲ့များသည် နှစ်စဉ်မိမိတို့၏ ဝင်ငွေပေါ်မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲရမည်။

၄၇။ ပုဒ်မ ၄၆ အရ စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲထားသော အရအသုံးခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများ၏ သဘောထားမှတ်ချက်ရယူရမည်။

၄၈။ ညွှန်ကြားရေးမှူးသည် ပုဒ်မ ၄၇ အရ သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့်ရေးဆွဲထားသော အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၄၉။ စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ငွေစာရင်းများကို သက်ဆိုင်ရာစာရင်းစစ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူရမည်။

၅၀။ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့်မြို့နယ်စည်ပင်သာယာရေးကော်မတီတို့သည် သီးခြားရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်သည်။

၅၁။ အစိုးရအဖွဲ့သည် ပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ သီးခြားရန်ပုံငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထုတ်ပြန်ပေးရမည်။

၅၂။ ပြည်နယ်စည်ပင်သာယာရေးကော်မတီသည် သီးခြားရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများကို အစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက် ရယူရမည်။

၅၃။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် သီးခြားရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများကို ပြည်နယ်စည်ပင်သာယာရေးကော်မတီထံ တင်ပြအတည်ပြုချက် ရယူရမည်။

၅၄။ ညွှန်ကြားရေးမှူးသည် ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ သီးခြားရန်ပုံငွေ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ အမှုဆောင်အရာရှိသည် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ သီးခြားရန်ပုံငွေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ငွေစာရင်းများကို ပြုစုဆောင်ရွက်ရမည်။

၅၅။ ပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့်မြို့နယ်စည်ပင်သာယာရေးကော်မတီသည် သီးခြားရန်ပုံငွေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် သက်ဆိုင်ရာစာရင်းရုံး သို့မဟုတ် စာရင်းအင်းကျွမ်းကျင်သူ၏ စာရင်းစစ်ဆေးခြင်းကို ခံယူရမည်။

၅၆။ ပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့သည် ရရှိသော နိုင်ငံခြားငွေနှင့်စပ်လျဉ်း၍ နိုင်ငံခြားငွေ သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

၅၇။ အစိုးရအဖွဲ့သည် ပြည်နယ်စည်ပင်သာယာရေးကော်မတီဝင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် များ၏ ထောက်ပံ့စရိတ်၊ ခရီးစရိတ်၊ နေ့တွက်စရိတ်များကို ခံစားခွင့်ပြုနိုင်ရေးအတွက် သတ်မှတ်ပေးရမည်။

## အခန်း(၁၃)

## စည်ပင်သာယာရေးလုပ်ငန်းများစီမံခန့်ခွဲခြင်း

၅၈။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြေနှင့် အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို ဤဥပဒေ၊ ဤဥပဒေအရပြုသော နည်းဥပဒေ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်စေရန် မြေပိုင်ရှင် သို့မဟုတ် အဆောက်အအုံပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိဘဲဖြစ်စေ၊ အဆောက်အအုံ ဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင် စေခြင်း၊ ဖြိုဖျက်စေခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံနှင့်စသည်များ အပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏အစိတ်အပိုင်းဖြစ်စေ၊ ဝင်းခြံစည်းရိုးဖြစ်စေ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း၊

(ဂ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း နေထိုင်သူများကို ဖယ်ရှားစေခြင်း၊

(ဃ) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊

(င) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊

(စ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံနွယ်များကို ခုတ်ထွင် ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းများကို ဖို့စေခြင်း၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်စေခြင်း၊

(ဆ) နေထိုင်ရန်အိမ်ခြံမြေကွက်တွင် သတ်မှတ်စည်းကမ်းနှင့်အညီ အဆောက်အအုံဆောက်လုပ်စေခြင်း။

၅၉။ ပုဒ်မ ၅၈၊ ပုဒ်မခွဲ (ဃ)၊ (င) နှင့် (စ)တို့အရ လိုက်နာဆောင်ရွက်ရန်လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်းလိုက်နာဆောင်ရွက်ရမည်။ လက်ရှိနေထိုင်သူသည် တရားဝင်အိမ်ငှား ဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှ တောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်။

၆၀။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာအညစ်အကြေး၊ ရေဆိုးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို ဤဥပဒေ၊ ဤဥပဒေအရပြုသော နည်းဥပဒေ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ အလုပ်ရုံ နေအိမ်အဆောက်အအုံနှင့်မြေပေါ်မှ စီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သော လမ်းနှင့်အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာ ကောင်းမွန်စေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ အလုပ်ရုံ အဆောက်အအုံနှင့်မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို စနစ်တကျထားရှိစေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ ဆေးရုံ၊ ဆေးခန်း၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် ညစ်ညမ်းရေ ထွက်ရှိသောလုပ်ငန်းတို့မှ ရေဆိုးရေညစ်များကို သန့်စင်အောင်ပြုပြင်ပြီးမှ စွန့်ပစ်စေခြင်း၊ ရေစီးရေလာကောင်းမွန်စွာထုတ်ပစ်နိုင်ရေးအတွက် မြေကိုပြုပြင်စေခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာကန်၊ မိလ္လာပိုက် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် မြေကိုဖြတ်၍ဆောင်ရွက်ရလျှင် မြေပိုင်ရှင်အား ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ဇ) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် အမှုဆောင်အရာရှိက သတ်မှတ်သည့် လျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူမှ နစ်နာသူသို့ ပေးစေခြင်း။

၆၁။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေ၊ ဤဥပဒေအရပြုသော နည်းဥပဒေ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အမှိုက်များနှင့်နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ လုံခြုံစွာထုပ်ပိုးစုဆောင်း၍ ထည့်ထားရန်သင့်လျော်သော အမှိုက်ပုံးများ စနစ်တကျထားရှိစေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်းတွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း၊

(ဂ) တည်းခိုခန်း သို့မဟုတ် အခန်းအလိုက်ငှားရမ်းသော အဆောက်အအုံကို ကျန်းမာရေးနှင့်ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(ဃ) အများပြည်သူပျော်ပွဲရွှင်ပွဲနှင့်အခြားအခမ်းအနားများအတွက် အသုံးပြုသည့် အဆောက်အအုံနှင့် ပွဲခင်းတို့ကို ကျန်းမာရေးနှင့်ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးလုံခြုံရေးရှိစေရန်လည်းကောင်း ဆောင်ရွက်စေခြင်း၊

(င) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လျှင် လုပ်ငန်းနှင့်နေရာကို အသုံးမပြုဘဲထားစေခြင်း သို့မဟုတ် ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ပြောင်းရွှေ့စေခြင်း။

၆၂။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သတ်မှတ်သည့် စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်စေရန် လုပ်ငန်းရှင် သို့မဟုတ် ယာဉ်ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သူအား အောက်ပါအတိုင်း ညွှန်ကြားနိုင်သည်-

(က) ဆောက်လုပ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားပစ္စည်းများသယ်ယူပို့ဆောင်သော မည်သည့်ယာဉ်အမျိုးအစားကိုမဆို သက်ဆိုင်ရာက သတ်မှတ်သည့်လမ်းကြောင်းအတိုင်းသာ မောင်းနှင်စေခြင်း၊

(ခ) မည်သည့်သယ်ယူပို့ဆောင်သည့်ယာဉ်အမျိုးအစားကိုမဆို ပစ္စည်းများကို လုံခြုံစွာဖုံးအုပ်တင်ဆောင် သယ်ပို့စေခြင်း၊

(ဂ) လမ်းများပေါ်သို့ ပစ္စည်းများ လွင့်စင်ယိုဖိတ် ကျရောက်ခြင်းဖြင့် မလိုလားအပ်သည့် ယာဉ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိခိုက်နှောင့်ယှက်မှုများ၊ သန့်ရှင်းရေးထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် ချက်ချင်း ပြန်လည်သိမ်းဆည်း၊ ဖယ်ရှား၊ ရှင်းလင်းဆောင်ရွက်ထားစေခြင်း။

၆၃။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ပြည်နယ်စည်ပင်သာယာရေး ကော်မတီ၏ ဆုံးဖြတ်ချက်၊ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အသုံးပြုရန် မသင့်လျော်သည့် သုဿန်မြေများနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို လိုက်နာဆောင်ရွက်စေရန် သက်ဆိုင်သည့်အဖွဲ့အား ညွှန်ကြားနိုင်သည်-

(က) သုဿန် ဆက်လက်အသုံးပြုခွင့်ကို ပိတ်ထားစေခြင်း၊

(ခ) သုဿန်ကို ဖျက်သိမ်းစေခြင်း၊ နေရာရွှေ့ပြောင်းစေခြင်း၊

(ဂ) သုဿန်ဟောင်းမြေအား အခြားနည်းဖြင့်အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်စေခြင်း။

၆၄။ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့်စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် အောက်ပါတို့ကို မည်သူမျှမပြုလုပ်ရ-

(က) အများပြည်သူနှင့်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြန် တစ်ခုခု ပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ချိတ်ဆွဲထားခြင်း၊ နေလှန်းခြင်း၊

(ခ) အများပြည်သူသွားလာသည့် လမ်းနှင့်လူသွားစင်္ကြန်ပေါ်တွင် ကစားခြင်း၊

(ဂ) လမ်းပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း၊ လူသွားစင်္ကြံပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်းသို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ထားရှိခြင်း၊ ဈေးရောင်းချခြင်း၊

(ဃ) အမှိုက်၊ မိလ္လာ၊ အညစ်အကြေး စသည်တို့ကို လမ်း၊ လမ်းမြေနှင့်လူသွားစင်္ကြံ၊ ရေမြောင်း၊ မြစ်ချောင်းနှင့်စွန့်ပစ်ရန် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်း၊

(င) စည်ပင်သာယာရေးအဖွဲ့၏ ရေပေးရေး လုပ်ငန်းမှရေကို ခွင့်ပြုချက်မရှိဘဲ ရယူသုံးစွဲခြင်း၊

(စ) ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေသော တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း၊

(ဆ) မမှန်ကန်သည့်အလေး၊ ချိန်ခွင်၊ ကတ္တား၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်း၊

(ဇ) စည်ပင်သာယာရေးအဖွဲ့ဈေးများတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်း၊

(ဈ) ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်း၊

(ည) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်းတည်ထောင်ဖွင့်လှစ်ခြင်း၊

(ဋ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း၊

(ဌ) လူသေအလောင်းကို သတ်မှတ်သည့်ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုလ်ဘဲထားခြင်း၊

(ဍ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့်လူသေအလောင်းကို (၁၂)နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုလ်ဘဲထားခြင်း၊

(ပ) သုသာန်မြေအဖြစ်သတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုလ်ခြင်း၊

(ဏ) တည်းခိုခန်း၊ မိုတယ်၊ အင်း၊ ဘော်ဒါဆောင်နှင့်အလှပြင်လုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်း၊

(တ) စားသောက်ဆိုင်၊ ကော်ဖီဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နွားနို့ဆိုင် ဖွင့်လှစ်ရောင်းချခြင်း၊

(ထ) ပေါင်မုန့်နှင့်မုန့်ဖုတ်လုပ်ငန်း၊ မုန့်ဖုတ်မျိုးစုံလုပ်ငန်း၊ ချိုချဉ်နှင့်ယိုမျိုးစုံလုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်း၊

(ဒ) ကိုယ်ပိုင်ဈေးကိုတည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကိုတစ်နေရာမှအခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှရပ်စဲထားပြီးသောဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်း၊

(ဓ) ကျွဲ၊ နွား ပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်း၊

(န) ရေခဲနှင့်အချိုရည်စက်ရုံများ၊ အအေးခန်းစက်ရုံများ ၊ သောက်ရေသန့်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်း၊

(ပ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်း။

## အခန်း(၁၄)
## အနေးယာဉ်များနှင့် အခြားယာဉ်များစီမံခန့်ခွဲခြင်း

၆၅။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အနေးယာဉ်များ၊ အခြားယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အနေးယာဉ်၊ အခြားယာဉ်အမျိုးအစားသတ်မှတ်ခြင်း၊ စည်းကမ်းများရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) အနေးယာဉ်၊ အခြားယာဉ်လုပ်ငန်းလိုင်စင်သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အနေးယာဉ်မောင်းလိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဃ) အနေးယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(င) အနေးယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အနေးယာဉ်၊ အခြားယာဉ်များကိုစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) အနေးယာဉ်၊ အခြားယာဉ်မောင်းသူများအားစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

၆၆။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှထုတ်ပေးသော လုပ်ငန်းလိုင်စင်ရရှိသူသာ အနေးယာဉ်၊ အခြားယာဉ်များ လုပ်ကိုင်ခွင့်ရှိသည်။

၆၇။ ပုဒ်မ ၆၅၊ ပုဒ်မခွဲ (င) အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှထုတ်ပေးသော အနေးယာဉ်မောင်းလိုင်စင်ရရှိသူသာ အနေးယာဉ် မောင်းခွင့်ရှိသည်။

၆၈။ အနေးယာဉ်၊ အခြားယာဉ်ပိုင်ရှင်နှင့် မောင်းသူတို့သည် သတ်မှတ်ထားသောစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၅)
## ကူးတို့လုပ်ငန်းများစီမံခန့်ခွဲခြင်း

၆၉။ ညွှန်ကြားရေးမှူးသည် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ကူးတို့လုပ်ငန်း ကြီးကြပ်သူအဖြစ် မြို့နယ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော မြို့နယ်များနှင့်ဆက်စပ်နေသော ကူးတို့လုပ်ငန်းနှင့် စပ်လျဉ်း၍ စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကိုကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်းနယ်နိမိတ်ချင်း ဆက်စပ်လျှက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့များသို့ ကူးတို့ဝင်ငွေများကို အချိုးကျခွဲဝေခြင်း၊

(စ) ကူးတို့စည်းကမ်းဖောက်ဖျက်လျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိအား ခန့်ထားခြင်း၊

(ဇ) ကူးတို့စည်းကမ်းဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဈ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ည) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ လျှော့ပေါ့ခွင့်ပြုခြင်း၊

(ဋ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၇၀။ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် အမှုဆောင်အရာရှိသည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကိုကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခသတ်မှတ်ခြင်း၊

(ဇ) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခကို လျှော့ပေါ့ပေးခြင်း၊

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၇၁။ အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ်တာဝန်ယူဆောင်ရွက်ရမည်။ ကူးတို့လုပ်ငန်းအုပ်ချုပ်သူသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ကူးတို့လုပ်ငန်းကိုအုပ်ချုပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းလိုင်စင်များ ချထားပေးခြင်း၊

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူအား အများပြည်သူ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအစဉ်များပြုလုပ်စေခြင်း၊ စစ်ဆေးခြင်း၊ မလိုက်နာသူအား အရေးယူခြင်း၊

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့်ကူးတို့လုပ်ငန်းလိုင်စင်များကို အသစ်ပြန်လည်ချထားပေးခြင်း။

၇၂။ ပုဒ်မ ၆၉၊ ၇၀ ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မွန်ပြည်နယ်ပုဂ္ဂလိကပိုင်ရေယာဉ်များစနစ်တကျပြေးဆွဲရေးဥပဒေအရ ဆောင်ရွက်သည့် ပြည်နယ်ပုဂ္ဂလိကပိုင်ရေယာဉ်များစနစ်တကျပြေးဆွဲရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့၊ မြို့နယ်ပုဂ္ဂလိကပိုင်ရေယာဉ်များစနစ်တကျပြေးဆွဲရေးလုပ်ငန်းကော်မတီတို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၇၃။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၇၄။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၇၅။ ညွှန်ကြားရေးမှူးသည် ပြည်နယ်အတွင်း မြို့နယ်တစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင်သည့် ကူးတို့လုပ်ငန်းနှင့် စပ်လျဉ်း၍ အငြင်းပွားခြင်းကို ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် အစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်ရမည်။

၇၆။ ညွှန်ကြားရေးမှူးသည် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ သယ်ယူပို့ဆောင်သည့် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အငြင်းပွားခြင်းကို ပြည်နယ်စည်ပင်သာယာရေးကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

## အခန်း (၁၆)
## တိရစ္ဆာန်များသတ်ဖြတ်မှုကိုစီမံခန့်ခွဲခြင်း

၇၇။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူစားသုံးရန် အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၇၈။ ဘာသာရေးနှင့်အခြားကိစ္စရပ်များအတွက် ကျွဲ၊ နွား သတ်ဖြတ်ခွင့်ကို အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၇၉။ ပုဒ်မ ၇၇ သို့မဟုတ် ပုဒ်မ ၇၈ အရ ခွင့်ပြုချက်ရရှိသူသာလျှင် -

(က) ကျွဲ၊ နွား ကိုသတ်ဖြတ်ခြင်း၊ အသားနှင့်သားရေကို ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း ပြုနိုင်သည်၊

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း ပြုနိုင်သည်။

## အခန်း(၁၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၈၀။ အမှုဆောင်အရာရှိသည် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်တွင် ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား ဒဏ်ကြေးငွေအနည်းဆုံးကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)မှ အများဆုံးကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) အထိ ချမှတ်ရမည်။ ထို့အပြင် နစ်နာမှုအတွက် ရသင့်သည့်တန်ဖိုးကိုလည်း နစ်နာကြေးအဖြစ် သတ်မှတ်ပေးနိုင်သည်။

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၆၀(ဂ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့် ရေကြောင့် အများပြည်သူ လမ်းနှင့် ပစ္စည်းများ ပျက်စီးခြင်းမရှိစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းတို့ကို ပြုလုပ်စေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၆၀(ဃ) | စက်ရုံ၊ အလုပ်ရုံတွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို စနစ်တကျထားရှိစေခြင်း၊ |
| ၆၀(င) | ညစ်ညမ်းရေထွက်ရှိသောလုပ်ငန်းတို့မှ ရေကောင်းစွာထုတ်ပစ်ရန် မြေကို ပြုပြင်စေခြင်း၊ |
| ၆၀(စ) | ခွင့်ပြုချက်မရှိသော၊ သတ်မှတ်ချက်နှင့်မညီသော ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် တို့ကိုပိတ်စေခြင်း၊ ဖျက်သိမ်းစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၆၀(ဆ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်အား ဆောင်ရွက်ခွင့်ပြုစေခြင်း၊ |
| ၆၀(ဇ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ရခြင်းကြောင့် နစ်နာမှု လျော်ကြေးငွေပေးစေခြင်း၊ |
| ၆၁(ခ) | ကျန်းမာရေးနှင့် မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ပိတ်ထားစေခြင်း၊ |
| ၆၁(ဂ) | တည်းခိုခန်း သို့မဟုတ် အခန်းအလိုက်ငှားရမ်းသော အဆောက်အအုံကို သတ်မှတ် စည်းကမ်းများနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၆၂(က) | ဆောက်လုပ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အခြားပစ္စည်းများ သယ်ယူပို့ဆောင်သော မည်သည့်ယာဉ်အမျိုးအစားကိုမဆို သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်စေခြင်း၊ |
| ၆၂(ခ) | ပစ္စည်းများကို လုံခြုံစွာ ဖုံးအုပ်တင်ဆောင်သယ်ပို့စေခြင်း၊ |
| ၆၂(ဂ) | လမ်းများပေါ်သို့ ပစ္စည်းများကျရောက်ခြင်းဖြင့် ယာဉ်အန္တရာယ်နှင့်ပတ်ဝန်းကျင် ထိခိုက်နှောင့်ယှက်မှုများ၊ သန့်ရှင်းရေးထိခိုက်မှုများ မဖြစ်စေရေးအတွက် ချက်ချင်းရှင်းလင်းစေခြင်း၊ |
| ၆၃(က) | သုသာန် ဆက်လက်အသုံးပြုခွင့်ကို ပိတ်ထားစေခြင်း၊ |
| ၆၃(ဂ) | သုသာန်ဟောင်းမြေကို တည်ဆဲဥပဒေနှင့်အညီဆောင်ရွက်စေခြင်း၊ |
| ၆၆ | အနေးယာဉ်၊ အခြားယာဉ်လုပ်ငန်းလိုင်စင်မရှိဘဲ အနေးယာဉ်၊ အခြားယာဉ်လုပ်ကိုင်ခြင်း၊ |

၈၁။ အမှုဆောင်အရာရှိသည် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်တွင် ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား ဒဏ်ကြေးငွေအနည်းဆုံးကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)မှ အများဆုံး ကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း) အထိ ချမှတ်ရမည်။

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၅၈(ဃ) | အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊ |
| ၅၈(င) | ဝင်းခြံမခတ်သည့် မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့် ဝင်းခြံကို ပြုပြင်စေခြင်း၊ |
| ၅၈(စ) | သစ်ပင်၊ ချုံပင်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို ဖို့စေခြင်း၊ |
| ၆၀(က) | အန္တရာယ်စေရှိနိုင်သောရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၆၀(ခ) | ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေအိုင်တို့ကို ဆေးကြောပြုပြင်စေခြင်း၊ ရေဖြည့်ဖုံးအုပ်စေခြင်း၊ |
| ၆၁(က) | အမှိုက်များနှင့်နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ လုံခြုံစွာထုပ်ပိုးစုဆောင်း၍ ထည့်ထားရန်သင့်လျော်သော အမှိုက်ပုံးများ စနစ်တကျထားရှိစေခြင်း၊ |
| ၆၁(ဃ) | ပျော်ပွဲရွှင်ပွဲနှင့်အခမ်းအနားများအတွက် အသုံးပြုမည့်အဆောက်အအုံနှင့်ပွဲခင်းတို့ကို သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၆၄(က) | အများပြည်သူနှင့်ဆိုင်သောနေရာများတွင်ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းများဖြန့်ထားခြင်း၊ ချိတ်ဆွဲထားခြင်း၊ နေလှန်းခြင်း၊ |
| ၆၄(ခ) | အများပြည်သူသွားလာသည့် လမ်းနှင့်လူသွားစင်္ကြန်ပေါ်တွင် ကစားခြင်း၊ |
| ၆၄(ဂ) | လမ်း၊ မြောင်းနှင့်လူသွားစင်္ကြန်တို့အပေါ်တွင် ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ထားရှိခြင်း၊ ဈေးရောင်းခြင်း၊ |
| ၆၄(ဃ) | အမှိုက်၊ မိလ္လာ၊ အညစ်အကြေး စသည်တို့ကို လမ်း၊ လမ်းမြေ၊ လူသွားစင်္ကြန်၊ ရေမြောင်း၊ မြစ်ချောင်းနှင့်စွန့်ပစ်ရန်သတ်မှတ်မထားသော နေရာတွင်စွန့်ပစ်ခြင်း၊ |
| ၆၄(င) | စည်ပင်သာယာရေးအဖွဲ့၏ ရေပေးရေးလုပ်ငန်းမှရေကို ခွင့်ပြုချက်မရှိဘဲ ရယူသုံးစွဲခြင်း၊ |
| ၆၄(စ) | ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေသော တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း၊ |
| ၆၄(ဆ) | မမှန်ကန်သည့်အလေး၊ ချိန်ခွင်၊ ကတ္တား၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်း၊ |
| ၆၄(ဇ) | စည်ပင်သာယာရေးအဖွဲ့ဈေးများတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်း၊ |
| ၆၇ | အနွေးယာဉ်မောင်းလိုင်စင်မရှိဘဲ အနွေးယာဉ်မောင်းခြင်း၊ |
| ၆၈ | အနွေးယာဉ်၊ အခြားယာဉ်ပိုင်ရှင်နှင့်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းများကို မလိုက်နာခြင်း၊ |

၈၂။ အမှုဆောင်အရာရှိသည် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်တွင် ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက် ကျူးလွန်သူအား ဒဏ်ကြေးငွေအနည်းဆုံးကျပ် ၂၀၀၀၀ (ကျပ်နှစ်သောင်း)မှ အများဆုံးကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း) အထိ ချမှတ်ရမည်။

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၃၅(ဆဆ) | အဖွဲ့ပိုင်မြေကို ကျူးကျော်ခြင်း၊ |
| ၃၅(ဇဇ) | လမ်းနယ်နိမိတ်ကို ကျူးကျော်ခြင်း၊ |
| ၃၅(ဈဈ) | နှစ်ရှည်ပင်၊ သီးပင်၊ စားပင်၊ အဝိုင်းနှင့်လမ်းလယ်ကျွန်းများတွင် စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များ၊ မြေယာရှုခင်းအလှများကို တူးဆွခြင်း၊ ချိုးဖဲ့ခြင်း၊ ခုတ်လှဲခြင်း၊ ရွှေ့ပြောင်းခြင်း၊ |
| ၆၄(ဈ) | ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်း၊ |
| ၆၄(ည) | ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်းတည်ထောင်ဖွင့်လှစ်ခြင်း၊ |
| ၆၄(ဋ) | အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း၊ |
| ၆၄(ဌ) | လူသေအလောင်းကို သတ်မှတ်သည့်ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်း၊ |
| ၆၄(ဍ) | ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့်လူသေအလောင်းကို (၁၂)နာရီထက် ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်း၊ |
| ၆၄(ဎ) | သုသာန်မြေအဖြစ်သတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း၊ |
| ၆၄(ဏ) | တည်းခိုခန်း၊ မိုတယ်၊ အင်း၊ ဘော်ဒါဆောင်နှင့်အလှပြင်လုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်း၊ |
| ၆၄(တ) | စားသောက်ဆိုင်၊ ကော်ဖီဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နွားနို့ဆိုင် ဖွင့်လှစ် ရောင်းချခြင်း၊ |
| ၆၄(ထ) | ပေါင်မုန့်နှင့် မုန့်ဖုတ်လုပ်ငန်း၊ မုန့်ဖုတ်မျိုးစုံလုပ်ငန်း၊ ချိုချဉ်နှင့်ယိုမျိုးစုံလုပ်ငန်း တည်ထောင် လုပ်ကိုင်ခြင်း၊ |
| ၆၄(ဒ) | ကိုယ်ပိုင်ဈေးကိုတည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကိုတစ်နေရာမှအခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ရပ်စဲထားပြီးသောဈေးကိုပြန်ဖွင့်ခြင်း၊ ဈေးဧရိယာတိုးချဲ့ခြင်း၊ |
| ၆၄(ဓ) | ကျွဲ၊ နွား ပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်း၊ |
| ၆၄(န) | ရေခဲနှင့်အချိုရည်စက်ရုံများ ၊ အအေးခန်းစက်ရုံများ၊ သောက်ရေသန့်စက်ရုံများတည်ထောင် လုပ်ကိုင်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၆၄(ပ) | အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်း၊ |
| ၇၁(ဂ) | ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူက အများပြည်သူ ဘေးကင်းလုံခြုံစွာသွားလာနိုင်ရေးအတွက် အစီအစဉ်များပြုလုပ်ရန်၊ ညွှန်ကြားသည်ကို လိုက်နာရန်ပျက်ကွက်ခြင်း၊ |
| ၇၃ | ကူးတို့လုပ်ငန်းလိုင်စင်မရှိဘဲ ကူးတို့နယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းလုပ်ကိုင်ခြင်း၊ |
| ၇၄ | ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာရန်ပျက်ကွက်ခြင်း။ |

၈၃။ ပုဒ်မ ၈၀၊ ၈၁၊ ၈၂ တို့အရ ချမှတ်သော ဒဏ်ကြေးငွေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ငွေစာရင်းသို့ ပေးသွင်းရမည်။

၈၄။ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ပြီးသည့် ပြစ်မှုများအတွက် သတ်မှတ်သည့် ဒဏ်ကြေးငွေ ပေးဆောင်ပြီးပါက တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

## အခန်း( ၁၈ )
## အယူခံဝင်ခြင်း

၈၅။ ပုဒ်မ ၈၀၊ ၈၁၊ ၈၂ တို့အရ အမှုဆောင်အရာရှိက ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ကို မကျေနပ်သူသည် ယင်းစီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

၈၆။ ပုဒ်မ ၈၅ အရ အယူခံဝင်ခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးသည် အမှုဆောင်အရာရှိက ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၈၇။ ပုဒ်မ ၈၆ အရ ညွှန်ကြားရေးမှူးက ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ကို မကျေနပ်သူသည် ယင်းစီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၈၈။ ပုဒ်မ ၈၇ အရ အယူခံဝင်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်၏ အတည်ပြုချက်ဖြင့် ဝန်ကြီးသည် ညွှန်ကြားရေးမှူးက ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၈၉။ ဝန်ကြီးချုပ်၏ အတည်ပြုချက်ဖြင့် ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

## အခန်း (၁၉)
## တားမြစ်ချက်များ

၉၀။ မည်သူမျှ အမှုဆောင်အရာရှိက စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ပြီးသည့် ပြစ်မှုကိုထပ်မံကျူးလွန်ခြင်းမပြုရ။

၉၁။ မည်သူမျှ ပုဒ်မ ၈၀၊ ၈၁၊ ၈၂ တို့အရချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၉၂။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အမှုဆောင်အရာရှိ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အဆောက်အဦဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ဖြိုဖျက်ခြင်း မပြုရ၊

(ခ) အန္တရာယ်ရှိသော အဆောက်အအုံတွင် နေထိုင်ခြင်း၊ ၎င်းအဆောက်အအုံအား ပြင်ဆင်ခြင်း မပြုရ၊

(ဂ) သုသာန်ကို ရွှေ့ပြောင်းခြင်း၊ ဖျက်သိမ်းခြင်း မပြုရ။

၉၃။ မည်သူမျှ ပုဒ်မ ၆၁၊ ပုဒ်မခွဲ (င)ပါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၉၄။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြန် တစ်ခုခုပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်း မပြုရ၊ ဝင်းခြံစည်းရိုးကာရံခြင်း မပြုရ၊

(ခ) ဝင်ထွက်နိုင်သော လမ်း မရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်း မပြုရ၊

(ဂ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းကို ခွင့်ပြုချက်မရှိလျှင် လုပ်ကိုင်ခြင်း မပြုရ၊

(ဃ) အန္တရာယ်ရှိစေနိုင်သည့်လုပ်ငန်းနှင့် သက်ဆိုင်သော ပစ္စည်းများကို ခွင့်ပြုချက်မရှိလျှင် ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရ၊

(င) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် ရှင်းလင်းစွန့်ပစ်ခြင်း မပြုရ။

၉၅။ ပုဒ်မ ၇၇၊ ပုဒ်မ ၇၈ နှင့် ပုဒ်မ ၇၉ ပါ ခွင့်ပြုချက်ရရှိသူမှတစ်ပါး အခြားမည်သူမျှ -

(က) ကျွဲ၊ နွား ကိုသတ်ဖြတ်ခြင်း၊ အသားနှင့်သားရေကို ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုရ၊

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း မပြုရ။

၉၆။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) တာဝန်ဝတ္တရားဆောင်ရွက်ရန် မြေ သို့မဟုတ် အဆောက်အဦအတွင်း လုပ်ထုံးလုပ်နည်းနှင့် အညီ နေ့အချိန်ဝင်ရောက်သည့် ကော်မတီဝင်ကိုဖြစ်စေ၊ ညွှန်ကြားရေးမှူးကိုဖြစ်စေ၊ အမှုဆောင်အရာရှိကိုဖြစ်စေ၊ နည်းလမ်းတကျအခွင့်အာဏာလွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်း မပြုရ၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်စာချုပ်ချုပ်ဆိုလုပ်ကိုင်သည့် လုပ်ငန်းရှင်အား စာချုပ်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုနိုင်စေရန် ဥပဒေနှင့်အညီမဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်း မပြုရ။

## အခန်း(၂၀)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၉၇။ မည်သူမဆို ပုဒ်မ ၉၀၊ ၉၁၊ ၉၂၊ ၉၃၊ ၉၄၊ ၉၅၊ ၉၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) မှ အများဆုံး ကျပ် ၁၀၀၀၀၀၀ (ကျပ်တစ်ဆယ်သိန်း) အထိဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၂၁)

## အထွေထွေ

၉၈။ ပုဒ်မ ၉၇ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ်သတ်မှတ်သည်။

၉၉။ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဤဥပဒေအရ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့၏ အကူအညီတောင်းခံရယူနိုင်သည်။ ထိုကဲ့သို့ တောင်းခံပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့က အကူအညီပေးရမည်။

၁၀၀။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် နှစ်ခု သို့မဟုတ် နှစ်ခုထက် ပို၍ ဆက်စပ်သည့်လုပ်ငန်းဖြစ်ပါက ညွှန်ကြားရေးမှူးသည် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၀၁။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးအဖွဲ့ပိုင်မြေကို ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ အဖွဲ့အစည်းတစ်ခုခုနှင့်အကျိုးတူဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ဆုံးဖြတ်ချက်၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ဆုံးဖြတ်ချက်၊ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၁၀၂။ ပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများသည် ငွေကြေးဆိုင်ရာများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

၁၀၃။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက်အအုံများမှအပ အခြား နိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ကြိုတင်အကြောင်းကြားရမည်။

၁၀၄။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုနှင့်တစ်ခုကြား အငြင်းပွားမှုဖြစ်ပေါ်လာလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆုံးဖြတ်နိုင်သည်။

၁၀၅။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီ သို့မဟုတ် အဖွဲ့ငယ်၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း၊ တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၁၀၆။ ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ အတွင်းရေးမှူးတာဝန်ဆောင်ရွက်သော ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အတွင်းရေးမှူး တာဝန်ဆောင်ရွက်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိသည် မိမိတို့၏ ကော်မတီအစည်းအဝေးကို အနည်းဆုံး တစ်ပတ်လျှင် တစ်ကြိမ် ခေါ်ယူကျင်းပရမည်။ အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၀၇။ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ယခင်ကထုတ်ပြန်ကြေညာခဲ့ပြီးသောစည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၁၀၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးသည် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၀၉။ ၂၀၁၂ခုနှစ် မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ်(၆) မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေနှင့် ၂၀၁၃ခုနှစ် မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ်(၅) မွန်ပြည်နယ်စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) အုန်းမြင့်
ဝန်ကြီးချုပ်
ပြည်နယ်အစိုးရအဖွဲ့